သတင်းထုတ်ပြန်ချက်

# ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က လူမှုဝန်ထမ်းလုပ်ငန်း ဆိုင်ရာ ပထမဆုံးအကြိမ် အမျိုးသားအဆင့်အစည်းအဝေးကြီးမှူးကျင်းပခြင်း

*မြန်မာနိုင်ငံရှိလူမှုဝန်ထမ်းလုပ်ငန်းများကို ပိုမိုခိုင်မာတိုးတက်စေမည့် ပထမဆုံးခြေလှမ်းဖြစ်သောအစည်းအဝေးကြီး*

နိုဝင်ဘာလ (၈) ရက် ၂၀၀၅၊ ရန်ကုန်။ ။ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပူးပေါင်းကြီးမှူးသည့် လူမှုရေးလုပ်ငန်းများနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပထမဆုံးအကြိမ်အမျိုးသားအဆင့် အစည်းအဝေးကြီးကို ယနေ့ကျင်းပသည်။ အစိုးရဝန်ကြီးဌာနများ၊ ရပ်ရွာအခြေပြုလူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဤအစည်းအဝေးမှတစ်ဆင့် လူမှုဝန်ထမ်းဆိုင်ရာလုပ်ငန်းများကို ပိုမိုလေ့လာသိရှိနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ အတွင်း လူမှုဝန်ထမ်းဆိုင်ရာပညာရပ် တိုးတက်ဖွံ့ဖြိုးလာစေရန် နည်းလမ်းများကိုလည်း ရှာဖွေသိရှိနိုင်မည် ဖြစ်သည်။

ကမ္ဘာတစ်လွှားရှိအခြားသောနိုင်ငံများမှာကဲ့သို့ပင် မိဘစောင့်ရှောက်မှုကောင်းစွာမရရှိခြင်း၊ မိဘများသေဆုံး ခြင်း၊ သို့မဟုတ် မိသားစုများနှင့်ကွဲကွာနေရခြင်းများကြောင့် ညှင်းပန်းမှုနှင့်ခေါင်းပုံဖြတ်မှုရင်ဆိုင်တွေ့ကြုံနေ ရသောကလေးငယ်များ မြန်မာနိုင်ငံတွင်ရှိနေကြောင်း မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂကလေးများရန်ပုံငွေ အဖွဲ့ဌာနေကိုယ်စားလှယ် မစ္စကယ်ရော်လောင်းမှ ထုတ်ဖော်ပြောကြားသည်။

အရည်အချင်းပြည့်ဝသည့် လူမှုဝန်ထမ်းကျွမ်းကျင်လုပ်သားများနှင့် ဖွဲ့စည်းထားသောလူမှုရေးလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများသည် အဆိုပါကလေးသူငယ်များကို နှိပ်စက်ညှင်းပန်းမှု၊ ခေါင်းပုံဖြတ်မှုတို့မှ ကာကွယ် စောင့်ရှောက်ရာတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားနိုင်မည်ဖြစ်ကြောင်းနှင့် အနာဂါတ်မြန်မာ နိုင်ငံတွင်အဖက်ဖက်မှပြည့်စုံသည့်လူမှုဝန်ထမ်းလုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ထွန်းကားလာစေရေးအတွက် စုပေါင်းဆောင်ရွက်သည့် ဤအစည်းအဝေးကြီးသည် အရေးကြီးလှသည့် ခြေလှမ်းသစ်တစ်ရပ်ပင် ဖြစ်ကြောင်း သူမက ဆက်လက်ပြောကြားသည်။

လူမှုဝန်ထမ်းကျွမ်းကျင်ပညာရှင် (၁၀) ဦးတို့က ကမ္ဘာတစ်လွှားဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ လူမှုဝန်ထမ်း လုပ်ငန်းအမြင်ရှုထောင့်များကိုတင်ပြဆွေးနွေးမည်ဖြစ်ပြီး တက်ရောက်သူများကလည်း မြန်မာနိုင်ငံအတွင်း လူမှုဝန်ထမ်းလုပ်ငန်းဆိုင်ရာလက်ရှိအခြေအနေများကိုလည်း လေ့လာသုံးသပ်ကြမည်ဖြစ်သည်။

...../

United Nations Children's Fund
6th Floor, Yangon International Hotel
330 Ahlone Road, Dagon Township
Yangon, Myanmar
P.O.Box 1435

Telephone 212086, 212087
212090, 212091
Facsimile 95-1-212063
E-mail: unicef.yangon@unicef.org
www.unicef.org/myanmar

For every child
Health, Education, Equality, Protection
ADVANCE HUMANITY

unicef

အန္တရာယ်ကျရောက်လွယ်နိုင်သောကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှုပေးရန်၊ ရပ်ရွာအခြေပြုလူမှုလုပ်ငန်းစနစ်များစွမ်းဆောင်ရည်ပိုမိုကောင်းမွန်လာစေရန်နှင့် ကလေးသူငယ်များကိုကာကွယ်စောင့်ရှောက်နေသောရပ်ရွာအုပ်စုအခြေပြုအဖွဲ့အစည်းများကို အားပေးထောက်ပံ့မှုများပေးရန်အတွက် နည်းလမ်းများကိုလည်း ဤအစည်းအဝေးမှ အကြံပြုချမှတ်မည်ဖြစ်သည်။

ကလေးသူငယ်များအားညှင်းပန်းနှိပ်စက်မှု၊ မတရားခေါင်းပုံဖြတ်မှုနှင့် ပစ်ပယ်ထားမှုများမှ ကာကွယ်တားဆီးရေးမှာ မိသားစုများမှအစပြုတာဝန်ရှိသည့်နည်းတူ ကလေးသူငယ်များကိုယ်တိုင်နှင့် သူတို့၏ရပ်ရွာများ၊ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတော်တို့မှလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ထိန်းသိမ်းပြုပြင်ရန်တာဝန်ရှိသူများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်းလုပ်သားများသည် ကလေးသူငယ်များကိုသူတို့၏နေအိမ်များတွင်သာမက ရပ်ရွာဒေသအတွင်းမှာပါစောင့်ရှောက်မှုပေးရန် အရေးပါသည့်အခန်းကဏ္ဍတွင်ရှိနေသည်ဟု မစ္စကယ်ရော်လောင်းကပြောကြားသည်။

ဤအစည်းအဝေးပြီးဆုံးသည့်နောက်ပိုင်းတွင် ယူနီဆက်အနေနှင့် တက္ကသိုလ်အဆင့်လူမှုဝန်ထမ်းပညာရပ်ဆိုင်ရာသင်ရိုးညွှန်းတမ်းများပေါ်ပေါက်လာစေရန် အားပေးကူညီမည်ဖြစ်ပြီး ရပ်ရွာအခြေပြုလူမှုဝန်ထမ်းလုပ်ငန်းများနှင့်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် နည်းပညာနှင့်ငွေကြေးဆိုင်ရာထောက်ပံ့ကူညီမှုများ ပေးမည်ဖြစ်သည်။

***************

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်အရကလေးသူငယ်များသည် ညှင်းပမ်းနှိပ်စက်မှု၊ ခေါင်းပုံဖြတ်မှု၊ လစ်လျူရှုခံရမှုတို့မှ ကာကွယ်မှုရရှိရန် အခွင့်အရေးရှိသည်။
မြန်မာနိုင်ငံသည်အဆိုပါကုလသမဂ္ဂသဘောတူညီစာချုပ်ကို၁၉၉၁ခုနှစ်တွင်သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

***************

**ဆက်လက်သိလိုပါက**

ဂျေဆင်ရပ်(ရှ်) Jason Rush <jrush@unicef.org> (သို့မဟုတ်) ဦးဖေတင်သိန်း <pthein@unicef.org>
ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဌာန၊ယူနီဆက်၊မြန်မာကိုဆက်သွယ်မေးမြန်းနိုင်ပါသည်။